## ကျွန်ုပ်တို့သည် သင့်ကို အောက်ပါဝန်ဆောင်မှုများနှင့် ချိတ်ဆက်ပေးပါသည် -

- ရေချိုးခြင်း၊ အဝတ်ဝတ်ခြင်း၊ အိမ်မှုကိစ္စဆောင်ရွက်ခြင်း စသည်ဖြင့် အိမ်တွင် အကူအညီပေးခြင်း
- စောင့်ရှောက်မှုဝန်းကျင်ရွေးချယ်ခြင်း - အရွယ်ရောက်သူအား ခေတ္တမွေးစားခြင်း၊ နေအိမ်တွင်စောင့်ရှောက်မှု၊ ပံ့ပိုးမှုဖြင့်နေထိုင်ခြင်း သို့မဟုတ် ဘိုးဘွားရိပ်သာတွင် နေထိုင်ခြင်း
- မိသားစုနှင့်စောင့်ရှောက်သူတို့အားပံ့ပိုးပေးသည့် ဝန်ဆောင်မှုများ
- အခြေအနေတူချင်းနှစ်သိမ့်အကြံပေးဆွေးနွေးခြင်း
- သယ်ယူပို့ဆောင်ရေး
- အစားအစာများကို အိမ်သို့ပို့ပေးခြင်း
- (မယ်ဒီကဲ) Medicare အကြံပေးဆွေးနွေးခြင်း
- ဆေးပစ္စည်းကိရိယာများနှင့် ဆေးနှင့်ပတ်သက်သည့် သတင်းပေးပို့ချက်များ
- ကျန်းမာရေးနှင့်ညီညွတ်စွာနေထိုင်ရေးအတွက် အစီအစဉ်များနှင့် အရင်းအမြစ်များ
- ဥပဒေရေးရာဝန်ဆောင်မှုများ
- သင်လိုအပ်နိုင်သည့်အခြားဝန်ဆောင်မှုများ

ADRC ဝန်ဆောင်မှုများသည် ဤမျှသာမဟုတ်ပါ။ သင်လိုအပ်နေသည့်အကူအညီကို ရရှိနေကြောင်းသေချာရန် ကျွန်ုပ်တို့မှ နောက်ထပ် မေးမြန်းစုံစမ်းနိုင်ပါသည်။

ADRC
Aging and Disability
Resource Connection
of OREGON

## သင်၏ဒေသန္တရ ADRC ကို ဆက်သွယ်ပါ

- ဖုန်းဆက်ရန် -
  **1-855-ORE-ADRC (673-2372)**
- အီးမေးပို့ရန် -
  ADRC.info@dhsoha.state.or.us သို့မဟုတ်
- ကြည့်ရှုရန် - www.ADRCofOregon.org။

ADRC
Aging and Disability
Resource Connection
of OREGON

DHS | Oregon Department of Human Services
AGING & PEOPLE WITH DISABILITIES

ဤစာကို အခြားဘာသာစကားများ၊ ပုံနှိပ်စာလုံးကြီးများ၊ မျက်မမြင်များအတွက် ဘရေးလ် သို့မဟုတ် သင်ပိုနှစ်သက်သည့် ပုံစံတို့ဖြင့် ရနိုင်ပါသည်။ (အိုမင်းမစွမ်းဖြစ်ခြင်းနှင့် မသန်မစွမ်းမှုအတွက် အရင်းအမြစ် အချိတ်အဆက်) Aging and Disability Resource Connection (ADRC) ကို 503-945-6237 တွင် ဆက်သွယ်ပါ။ သို့မဟုတ် ADRC.info@dhsoha.state.or.us သို့ အီးမေးပို့ပါ။ တဆင့်ဆက်သွယ်သည့် ဖုန်းခေါ်ဆိုမှုများ အားလုံးကို ကျွန်ုပ်တို့ လက်ခံပါသည်။ သို့မဟုတ် 711 ကို သင်ဆက်နိုင်ပါသည်။

BU DHS 9381GE (05/2017)

အိုမင်းမစွမ်းဖြစ်ခြင်း သို့မဟုတ်
မသန်မစွမ်းမှုရှိခြင်းအတွက်
အချက်အလက်များ၊ ဝန်ဆောင်မှုများနှင့်

# ချိတ်ဆက်ထားရန်

**1-855-ORE-ADRC (673-2372)**

**www.ADRCofOregon.org**









DHS
Oregon Department
of Human Services

ADRC
Aging and Disability
Resource Connection
of OREGON

# သင်၏ ADRC သည် သင့်ကို သင်လိုအပ်သည့်အကူအညီနှင့် ... အခမဲ့ချိတ်ဆက်ပေးပါသည်။

(အိုမင်းမစွမ်းဖြစ်ခြင်းနှင့် မသန်မစွမ်းမှုအတွက် အရင်းအမြစ် အချိတ်အဆက်) Aging and Disability Resource Connection သို့မဟုတ် ADRC သည် အသက်အရွယ်ကြီးမြင့်သူများနှင့် မသန်စွမ်းသူများအပေါ် သက်ရောက်သည့် ကိစ္စရပ်များအတွက် အချက်အလက်များနှင့် အကူအညီများကို ၎င်းတို့၏ဝင်ငွေအပေါ် မူတည်ခြင်းမရှိဘဲ အခမဲ့ပေးပါသည်။



"ADRC က အရမ်း၊ အရမ်းကို ကူညီတာပဲ။ ကျွန်မရဲ့မိဘတွေက သူတို့အိမ်မှာ ဝန်ဆောင်မှုတွေလာပေးတဲ့အကြံကို သဘောကျသွားပြီး Lifeline တစ်ခုယူပြီး VA ကို ဆက်သွယ်ခဲ့ကြတယ်။ အိမ်မှာဝန်ဆောင်မှု လာပေးနေတုန်းပြောပြသွားတဲ့ လုပ်နိုင်တာအမျိုးမျိုးကို သူတို့စဉ်းစားနေကြတယ်။"
— ADRC ဝန်ဆောင်မှုရယူသူ

## သင့်အနီးရှိ ADRC တစ်ခုကိုရှာဖွေရန် လွယ်ကူပါသည်။

- ဖုန်းဆက်ရန် - **1-855-ORE-ADRC** သို့မဟုတ်
- ကြည့်ရှုရန် - **www.ADRCofOregon.org**

"ADRC က ကျွန်တော့်ကို ငွေရေးကြေးရေးအစီအစဉ်တွေ လုပ်ခွင့်ပြုတဲ့ ကန်ထရိုက်တာတစ်ယောက် ရှာပေးခဲ့တယ်။ ဒီတော့ အခုကျွန်တော့်မှာ ဆင်ခြေလျှောလေးတစ်ခုရှိသွားပြီး စကူတာနဲ့ဖြစ်ဖြစ်၊ တွန်းလှည်းနဲ့ဖြစ်ဖြစ် လွတ်လွတ်လပ်လပ် သွားလာနိုင်ပါတယ်။"
— ADRC ဝန်ဆောင်မှုရယူသူ



## သတင်းအချက်အလက်နှင့်အကူအညီ

ပြည်သူ့ရန်ပုံငွေဖြင့်ပေးသည့်ဝန်ဆောင်မှုများ၊ အစီအစဉ်များနှင့် သင့်အတွက်သင်ပိုက်ဆံပေးရသည့် ဝန်ဆောင်မှုများ၊ အစီအစဉ်များအကြောင်းကို အချက်အလက်သိသူဝန်ထမ်းများမှ သင့်အား ပြောပြပါသည်။ သင်၏အခြေအနေနှင့်သင့်တော်သည့်ဝန်ဆောင်မှုများနှင့် အစီအစဉ်များကို သင်ရွေးချယ်နိုင်ပါသည်။

## ရေရှည်စောင့်ရှောက်ခပေးခြင်း

ADRC ဝန်ထမ်းသည်

- သင်လိုအပ်သည့်ဝန်ဆောင်မှုများကို သုံးသပ်ရာတွင် ကူညီနိုင်ပါသည်
- ပုဂ္ဂလိကနှင့်အများပိုင် အကျိုးခံစားခွင့်များနှင့် အစီအစဉ်များအကြောင်း တိကျမှန်ကန်သည့် နောက်ဆုံးပေါ် အချက်အလက်များ ပေးနိုင်ပါသည်
- ကြိုးနီအဆင့်များနည်းပါးစေပြီး သင်၏ (မယ်ဒီကဲ) Medicare၊ ဆိုရှယ်စကျူရီတီ၊ ပုဂ္ဂလိကကျန်းမာရေးအာမခံနှင့် အများပြည်သူ အကျိုးခံစားခွင့်များကို သင်နားလည်ရေးအတွက် ကူညီနိုင်ပါသည်။

## လူပုဂ္ဂိုလ်အခြေပြုသည့် ရွေးချယ်လုပ်ကိုင်စရာများ အကြံပေးဆွေးနွေးခြင်း

လူပုဂ္ဂိုလ်အခြေပြုသည့် ရွေးချယ်လုပ်ကိုင်စရာများကို အကြံပေးဆွေးနွေးသူများသည် သင်၏ပြောင်းလဲလျက်ရှိပြီး ဆက်လက်ပေါ်ပေါက်နေသည့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဝန်ဆောင်မှုများအကြောင်း အချက်အလက်များပေးပါသည်။ သင်၏အခြေအနေပေါ်အခြေခံ၍ ရေရှည် ဆုံးဖြတ်ချက်များချမှတ်ရန်အတွက် ရွေးချယ်လုပ်ကိုင်စရာများ အကြံပေးဆွေးနွေးသူတစ်ဦးမှ သင့်ကိုကူညီနိုင်ပါသည်။

## ကျန်းမာရေးနှင့်နေထိုင်ကောင်းမွန်ရေး

ADRC ဝန်ထမ်းသည် သင့်ကို တတ်နိုင်သမျှကျန်းမာ၍ ဘေးကင်းစေသည့် ဒေသန္တရအစီအစဉ်များနှင့် ချိတ်ဆက်ပေးနိုင်ပါသည်။ သင်၏ ADRC သည် သင်၏မိသားစုမှ သင့်ကိုစောင့်ရှောက်ပေးသူများ ကိုလည်း ကူညီနိုင်ပြီး မှတ်ဉာဏ်လျော့နည်းခြင်း၊ သူငယ်ပြန်ခြင်းတို့အကြောင်း မေးခွန်းများကို ဖြေပေးနိုင်ပါသည်။

## ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် လစ်လျူရှုခြင်းအတွက်ကူညီခြင်း

သင် သို့မဟုတ် သင့်အသိတစ်ဦးသည် ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် လစ်လျူရှုခြင်း အန္တရာယ်အလားအလာရှိနေလျှင် သို့မဟုတ် အရေးကြုံနေလျှင် အကူအညီရယူရန် သင်၏ဒေသန္တရ ADRC ကို ဆက်သွယ်ပါ။